mgyoe.com

The Essence

# တတ်သိလိမ္မာ

## မူလတန်း၊ အလယ်တန်းအဆင့်

# စာစီစာကုံးများ

ညီညီ (တတ်သိလိမ္မာ)
မြန်မာစာ


mgyoe.com

mgyoe.com

မူလတန်းနှင့်အလယ်တန်း
ကလေးငယ်များအတွက်
ရည်ရွယ်ပြုစုထားတဲ့
စာစီစာကုံးသင်ကြားရေး
စာအုပ်လေးပါ။

# တက်သီလိမ္မာ
## မူလတန်း၊ အလယ်တန်းအဆင့်
# စာစီစာကုံးများ

ညီညီ (တက်သီလိမ္မာ)
မြန်မာစာ



ဒီစာအုပ်လေးမှာ အခြေခံမှစပြီး
စာစီစာကုံးဆိုတာ ဘာလဲ
ဘာကြောင့် သင်ကြားရတာလဲ
ဘယ်လို ရေးရတာလဲ
ဘယ်လို ရေးသင့်သလဲ
ဘာတွေ သိထားရမှာလဲ
ဘာတွေ လေ့ကျင့်ဖို့ လိုလဲ...
စသည်ဖြင့် ရှင်းပြ
လမ်းညွှန်ထားကာ
လိုအပ်သမျှလည်း တွက်ဆပြီး
နမူနာ စာစီစာကုံးလေးများ
ရေးပြထားပါတယ်။

E00013
1,500.00 KS

mgyoe.com

mgyoe.com

| | | |
|---|---|---|
| မျက်နှာဖုံး | - | အမ်အက်စ်အို |
| ထုတ်ဝေသူ | - | ဦးစန်းဦး(မြ-၀၃၈၂၃)၊ |
| | - | စိတ်ကူးချိုချိုစာပေ၊ ၈၅၊ ၁၆၄ လမ်း၊တာမွေ။ |
| ပုံနှိပ်သူ | - | ဒေါ်ဝင်းမာ(မြ-၀၉၇၃၃)၊ စိတ်ကူးချိုချို |
| | - | ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။ |
| စာအုပ်ချုပ် | - | ဦးမြင့်၊ ညီဝင်းမြင့် |
| [illegible] | | |

ညီညီ(တတ်သိလိမ္မာ)မြန်မာစာ
တတ်သိလိမ္မာမူလတန်းအလယ်တန်းအဆင့်စာစီစာကုံးများ/ –ရန်ကုန်။
စိတ်ကူးချိုချိုစာပေ၊ ၂၀၁၈။
စာမျက်နှာ ၁၁၆ မျက်နှာ၊
၁၃ စင်တီ× ၁၈.၅ စင်တီ
(၁) တတ်သိလိမ္မာမူလတန်းအလယ်တန်းအဆင့်စာစီစာကုံးများ

mgyoe.com

mgyoe.com

# မာတိကာ


| | | |
|---|---|---|
| – | အမှာစာ | က |
| ၁။ | ကျွန်တော်တို့ အတန်းပိုင်ဆရာ | ၁ |
| ၂။ | ကျွန်တော့်ခွေးကလေး | ၄ |
| ၃။ | ကျွန်ုပ်ဖေဖေ | ၉ |
| ၄။ | ကျွန်တော့်အကြောင်း | ၁၃ |
| ၅။ | ကျွန်တော်တို့ စာသင်ကျောင်း | ၁၇ |
| ၆။ | ကျွန်တော်၏ ဝါသနာ | ၂၀ |
| ၇။ | ခရီးသွားခြင်း | ၂၃ |
| ၈။ | ကျွန်တော်ကြိုက်သော ဘာသာရပ် | ၂၇ |
| ၉။ | အနှစ်သက်ဆုံး စာအုပ်တစ်အုပ် | ၃၁ |
| ၁၀။ | ကျွန်ုပ်တို့တိုင်းပြည် | ၃၅ |
| ၁၁။ | ပုံပြင်တစ်ပုဒ် | ၃၈ |
| ၁၂။ | နွေ | ၄၁ |
| ၁၃။ | မိုး | ၄၄ |


mgyoe.com

mgyoe.com


| | | |
|---|---|---|
| ၁၄။ | ဆောင်း | ၄၇ |
| ၁၅။ | နံနက်ခင်း | ၅၀ |
| ၁၆။ | ညနေခင်း | ၅၃ |
| ၁၇။ | လသာသောည | ၅၆ |
| ၁၈။ | ဘုရားဖူးခြင်း | ၆၀ |
| ၁၉။ | စုပေါင်းအလှူပွဲ | ၆၄ |
| ၂၀။ | ကျောင်းသွားကျောင်းပြန် မြင်ကွင်းများ | ၆၈ |
| ၂၁။ | စည်းကမ်း | ၇၂ |
| ၂၂။ | တာဝန် | ၇၅ |
| ၂၃။ | ကျေးဇူးသိတတ်ခြင်း | ၇၉ |
| ၂၄။ | ပျင်းရိခြင်း၏ ဆိုးကျိုးများ | ၈၂ |
| ၂၅။ | အချိန်၏ တန်ဖိုး | ၈၅ |
| ၂၆။ | လူမှာအဝတ် | ၈၈ |
| ၂၇။ | လူငယ်နှင့် အားကစား | ၉၁ |
| ၂၈။ | အားကစားတစ်ခုအကြောင်း | ၉၄ |
| ၂၉။ | အာဇာနည်နေ့ | ၉၈ |
| ၃၀။ | သီတင်းကျွတ်ပွဲတော် | ၁၀၂ |
| ၃၁။ | သင်္ကြန်ပွဲတော် | ၁၀၅ |
| ၃၂။ | တန်ဆောင်တိုင် | ၁၀၈ |
| ၃၃။ | ပြည်ထောင်စုနေ့ | ၁၁၁ |
| ၃၄။ | မြတ်နိုးဖွယ်ရာ မြန်မာစာ | ၁၁၄ |


□

mgyoe.com

mgyoe.com

# အမှာစာ

ဤစာစီစာကုံး စာအုပ်ကလေးသည် မူလတန်းပညာရေး၏ အထက်ဆင့်ဖြစ်သော တတိယတန်း Grade (4) နှင့် စတုတ္ထတန်း Grade (5) ကလေးငယ်များနှင့် အလယ်တန်းတို့အတွက် ရည်ရွယ်ကာ ရေးသားပြုစုခြင်း ဖြစ်ပါသည်။

စာစီစာကုံးဆိုတာဟာ

စာကြောင်းတွေကို စာပိုဒ်အဖြစ်

စာပိုဒ်တွေကို စာပုဒ်အဖြစ်

တစ်ခုနှင့်တစ်ခု အချိတ်အဆက်မိမိ ရေးသားဖို့နဲ့ စည်းမျဉ်းစည်းကမ်းတွေကို သဒ္ဒါနည်းလမ်းတကျ ဖော်ပြတတ်ဖို့ ဖြစ်ပါတယ်။

ကလေးငယ်တွေအတွက် လိုအပ်ချက်ကတော့ "အပြောစွမ်းရည်၊ အရေးစွမ်းရည်၊ နာကြားနိုင်မှုစွမ်းရည်၊ အဖတ်စွမ်းရည်စသည့် စွမ်းရည်ကြီး (၄)မျိုးကို တစ်ပြိုင်နက်တည်း ရအောင် သင်ကြားသင်ယူနိုင်ရန် နိုင်ငံတော်ပညာရေးဌာနမှ

mgyoe.com

mgyoe.com



ရည်မှန်းချက်နှင့် လုပ်ငန်းစဉ်များကို ချမှတ်ထားပေးပါသည်။

သို့ပါ၍ မြန်မာစာဘာသာရပ်သင်ကြားနေသော ကျောင်းသား/သူတစ်ဦးသည် မြန်မာစာရေးသားမှု၊ စီကုံးမှု အတတ်ပညာရပ်ကို မူလတန်းနှင့် အလယ်တန်းအဆင့်ကပင် အခြေခံပိုင်ပိုင် ရေးသားနိုင်ရေးသည် များစွာအရေးကြီးပါကြောင်း။

စာစီစာကုံးဆိုတာ ဘာလဲ။

စာစီစာကုံးဆိုသည်မှာ မိမိတင်ပြလိုသော အကြောင်းအရာတစ်ခုကို ဖတ်ချင်စဖွယ်ဖြစ်အောင် စကားပြေအရေးအသား၊ သဒ္ဒါစည်းကမ်း မှန်မှန်ကန်ကန်နှင့် စီကုံးရေးသားထားသော အရေးအသားမျိုးဖြစ်ကြောင်း ဖော်ပြလိုပါသည်။

စာစီစာကုံးကို ရေးတဲ့အခါမှာ အဓိကအားဖြင့် အချက် ၃ ချက် ပါသင့်ပါတယ်။ ပါရပါမယ်။ ပထမအချက်ကတော့ အကြောင်းအရာဖြစ်ပါတယ်။ အကြောင်းအရာဆိုတာက စာစီစာကုံးရဲ့ခေါင်းစဉ်ကို ပြောတာပါ။ ဒုတိယအချက်ကတော့ ဖတ်ချင်စဖွယ်ကောင်းအောင် ရေးသားရမှာပါ။ တတိယအချက်ကတော့ စကားပြေအရေးသားနဲ့ ရေးသားစီကုံးတတ်ဖို့ပဲ ဖြစ်ပါတယ်။ စကားပြောရေးဟန်မျိုး မဖြစ်ဖို့ သတိပြုရမှာ ဖြစ်ပါတယ်။

စာစီစာကုံးရေးတဲ့အခါ အထူးသတိပြုရမည့်အချက်ကတော့ လက်ရေးလက်သား ကောင်းမွန်ဖို့ရယ်၊ စာလုံးပေါင်းသတ်ပုံမှန်ကန်ဖို့ရယ်၊ သဒ္ဒါနည်းကျကျရေးတတ်ဖို့တို့ ဖြစ်ပါတယ်။ စကားအသုံးအနှုန်းတွေကိုလည်း သူ့နေရာနဲ့သူ လိုက်ဖက်အောင် သုံးတတ်ရပါမယ်။

ကျွန်တော်တို့ ကျောင်းအားကစားပြိုင်ပွဲသို့ သမ္မတကြီး

mgyoe.com

mgyoe.com



ကိုယ်တိုင် လာရောက်အားပေးသည်။

ကျွန်တော်တို့ ကျောင်းအားကစားပြိုင်ပွဲသို့ သမ္မတကြီး ကိုယ်တိုင် ကြွရောက်ချီးမြှင့်သည်။

ဖော်ပြထားတဲ့ဝါကျနှစ်ကြောင်းမှာ "လာရောက်အားပေးသည်" ထက် "ကြွရောက်ချီးမြှင့်သည်" က ပိုခံ့တာကို တွေ့ရပါမယ်။ သမ္မတကြီးဆိုတဲ့ ဂုဏ်ပုဒ်နဲ့လိုက်အောင် ရေးရတာမို့ပါ။ ဒါဟာ စကားအသုံးအနှုန်းပါပဲ။

သေသည်ဆိုတာထက် ဆုံးပါးသည်။ ကွယ်လွန်သည်။ အနိစ္စရောက်သည်ဆိုတဲ့ စကားလုံးတွေက ယဉ်ကျေးပါတယ်။

ဘုန်းတော်ကြီးတွေကိုတော့ ဆုံးပါးသည်ထက် ပျံလွန်တော်မူသည်၊ ဘဝနတ်ထံ ပျံတော်မူသည်ဆိုတဲ့ စကားလုံးတွေက ခံ့ထည်ပါတယ်။ "ဘုန်းကြီးတွေ စီတန်းပြီး ဆွမ်းခံကြွလာတာ ကြည်ညိုစရာ"ဆိုတဲ့ ဝါကျထက် "သံဃာတော်များ စီတန်းပြီး ဆွမ်းခံကြွလာတာ ကြည်ညိုဖွယ် ကောင်းလှပေသည်။" ဆိုတာက အရေးအသားကို ပိုပြီးအရောင်တက်စေပါတယ်။ "နွေဦးတွင် လေရူးများတိုက်သည်" ဆိုတာထက် "နွေဦးရာသီတွင် ဦးတည်ရာမဲ့ တိုက်ခတ်သောလေကို လေရူးဟု ခေါ်ကြသည်ထင်ပါ့။ ဟိုဟိုသည်သည် တိုက်နေသည့် လေတို့သည် ရွက်ဟောင်းအချို့ကို ကြွေကျကာ မြေခအောင် အားထုတ်နေကြသည်" ဆိုတဲ့ဝါကျက ပိုပြီးသရုပ်ပေါ်လွင်တာကို တွေ့ရမှာပါ။ စာဖတ်သူ မြင်ယောင်လာအောင် ရေးနိုင်ဖို့လိုတာပေါ့။ ဒါကြောင့် စာစီစာကုံးရေးတဲ့အခါ စကားအသုံးအနှုန်း အရေးပါတာကို သိထားသင့်ပါတယ်။

တကယ်တော့ စာစီစာကုံးဆိုတာ ဝါကျတွေနဲ့ ကင်းလို့

mgyoe.com

mgyoe.com



မရပါဘူး။ ဝါကျမှာ- ဝါကျတို၊ ဝါကျရှည်ဆိုပြီး နှစ်မျိုးရှိပါတယ်။ ဝါကျတိုနဲ့ရေးနိုင်အောင် အားထုတ်သင့်ပါတယ်။ သူက အဓိပ္ပာယ်ပေါ်လွင်စေတယ်။ ရှင်းရှင်းလင်းလင်း ဖြစ်စေတယ်လေ။ ဝါကျရှည်လည်း ကောင်းတာပါပဲ။ သို့ပေသိ သူ့ကို မနိုင်ဘဲနဲ့ သွားရေးလိုက်ရင် အဓိပ္ပာယ်ဝေဝါးသွားစေတတ်ပါတယ်။

ဝါကျတည်ဆောက်တဲ့အခါ တိုပြီးရှင်းလင်းထိမိပါစေ။
ကတ္တား၊ ကံ၊ ကြိယာပုဒ် အထားအသိုမှန်ပါစေ။
ကျစ်ကျစ်လျစ်လျစ်ဖြစ်ပါစေ။
စကားပြောဟန်နဲ့ မရေးမိပါစေနဲ့။
ကဗျာဆန်ဆန် ကာရန်တွေ၊ နဘေတွေ မသုံးနဲ့။
ခွန်အားရှိတဲ့ဝါကျမျိုးဖြစ်အောင် အားစိုက်ပါ။

စာစီစာကုံးတစ်ပုဒ်မှာ

စာကြောင်းတွေ၊ စာပိုဒ်တွေပါတယ်။ အဲ့ဒါတွေကို စုဆောင်းလိုက်တော့ စာပုဒ်ဖြစ်သွားရော။

စာတစ်ကြောင်းဆိုတာဟာ ဝါကျတစ်ခုကို ခေါ်တာပါ။

| | |
|---|---|
| စာတစ်ပိုဒ်ဆိုတာကတော့ | ဝါကျတွေ စုပေါင်းပြီး ကိုယ်ပြောချင်တဲ့ အချက်တစ်ချက် ပေါ်လာအောင် ရေးသားထားတဲ့ သဘောပေါ့။ |
| စာတစ်ပုဒ်ဆိုတာက | စာပိုဒ်တွေ စုပေါင်းပြီး ကိုယ် ရေးသားစီကုံးနေတဲ့ ခေါင်းစဉ်ပါ အကြောင်းအရာကို |

mgyoe.com

mgyoe.com



အံဝင်အောင် ဖော်ပြ
ထားတဲ့ စာစီစာကုံး
တစ်ပုဒ်လုံးပါပဲ။

မူလတန်းအထက်ဆင့်နဲ့ အလယ်တန်းအောက်ဆင့် ကျောင်းသား/သူတွေအဖို့ ဝါကျဖွဲ့တတ်အောင် ကြိုးစားလေ့ကျင့်ဖို့ လိုပါတယ်။

မေမေသွားသည်။ မေမေဈေးသို့ သွားသည်။ မေမေဈေးသို့ ဆိုက်ကားနှင့် သွားသည်။ မနက်က မေမေဈေးသို့ ဆိုက်ကားနှင့် သွားသည်။ ယနေ့နံနက်က မေမေဈေးသို့ ဆိုက်ကားနှင့်သွားသည်။

ဖော်ပြပေးထားတဲ့ ဥပမာလိုပါပဲ။ ကိုယ်တိုင်ချဲ့ကားပြီး ရေးကျင့်ဖို့ လိုပါတယ်။

ဥပမာ- မေမေ ဝယ်လာသည်။

ကိုကို ကစားသည်။

ဖေဖေဖတ်သည် စတဲ့ဝါကျတွေကို ချဲ့ကားပြီး ရေးကြည့်ပါစို့လား။

စာရေးသူ

□

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# ကျွန်တော်တို့ အတန်းပိုင်ဆရာ

ကျွန်တော်တို့ကျောင်းသည် အခြားကျောင်းများနှင့်မတူ အမည်နာမနှစ်မျိုးရှိသော ကျောင်းဖြစ်ပါသည်။ စိန်ပေါလ်ကျောင်းဟု အမည်တွင်သကဲ့သို့ အ. ထ. က ၆ ဗိုလ်တထောင်ဟုလည်း အမည်တွင်ပါသည်။ ကျွန်တော်သည် သတ္တမတန်းတွင် ပညာသင်ယူနေသော ကျောင်းသားတစ်ဦး ဖြစ်ပါသည်။ ကျွန်တော်တို့၏ မြန်မာစာဆရာမှာ ကျွန်တော်တို့အတန်း၏ အတန်းပိုင်ဆရာ ဖြစ်ပါသည်။ ဆရာ၏ အမည်မှာ ဦးရေချမ်းဖြစ်ပါသည်။ ဆရာသည် မြန်မာစာဆရာ ပီသပါသည်။ ဆရာ့ကို ကြည့်လိုက်လျှင် ဆံ့ွ၊ မိုး၊ ဆောင်း သုံးရာသီစလုံး တိုက်ပုံအင်္ကျီဝတ်ကာ မြန်မာဆန်လွန်းနေသော ဆရာတစ်ဦးအဖြစ် တွေ့မြင်နိုင်ပါသည်။

ဆရာသည် သဘောကောင်းသူတစ်ဦး ဖြစ်ပါသည်။ ဆရာသည် စကားပြောနေစဉ် အချိန်တွင်သော် လည်းကောင်း၊ စာသင်ကြားနေစဉ်သော် လည်းကောင်း၊ စာဖတ်နေစဉ်သော် လည်းကောင်း၊ စာရေးနေစဉ်သော် လည်းကောင်း ပြုံးရွှင်ကြည်နူးသော မျက်နှာနှင့်

mgyoe.com

mgyoe.com


ပြောဆိုသင်ကြား၊ ဖတ်ရှု၊ ရေးသားနေတတ်သော ဆရာတစ်ဦး ဖြစ်ပါသည်။

ဆရာသည် အမည်နှင့် လိုက်ဖက်လွန်းလှပါသည်။ ဆရာ့အမည်မှာ ဦးရေချမ်း ဖြစ်ပါသည်။ ဦးရေချမ်းဆိုသည့်အတိုင်း ဆရာသည် ရေကဲ့သို့ ကြည်လင်အေးမြသူတစ်ဦး ဖြစ်ပါသည်။ ရေကဲ့သို့ ကြည်လင်အေးမြရုံမျှမက အေးအေးချမ်းချမ်း နေနိုင်သောသူတစ်ဦးလည်း ဖြစ်ပါသည်။ ဆရာသည် ကျွန်တော်တို့ကို စာသင်လျှင် စိတ်ရောလူပါ နှစ်၍ အားပါးတရသင်ကြားလေ့ရှိပါသည်။ ကဗျာများကို အသံနေအသံထား၊ အဖြတ်အတောက်တို့နှင့် ဖတ်ပြ၊ ရွတ်ပြကာ သင်ကြားပါသည်။ ဆရာ စာသင်သည့်အခါ မာန်ပါလွန်း၍လား မသိပါ၊ ဆရာ့လည်ချောင်းမှ အကြောကြီးများ ထောင်နေသည်ကို တွေ့ရပါသည်။

ဆရာစာသင်ကြားနေစဉ် စိတ်မဝင်စားဘဲ စကားပြောနေသော၊ ငေးငိုင်နေသော ကျောင်းသားကိုတွေ့လျှင် စကားမပြောရန် မျက်နှာထားတည်တည်နှင့် ဆုံးမတတ်ပါသည်။ ထိုအချိန်တွင် ဆရာ့မျက်နှာပေါ်မှ အပြုံးများ ဘယ်ရောက်ကုန်သည်မသိပါ။ ကျွန်တော်တို့အားလုံး ကြောက်လန့်တကြား ဖြစ်ရပါသည်။ ဆရာသည် ဆုံးမပြီးလျှင် အေးမြသော၊ ချိုသာသော၊ လန်းဆန်းသောအပြုံးကို မျက်နှာထက်တွင် ဆင်မြန်းကာ စာဆက်သင်ပါတော့သည်။ မကြာခဏ "နားလည်ကြရဲ့လား" ဟူ၍လည်း မေးလေ့ရှိပါသည်။

ကျွန်တော်တို့ အတန်းပိုင်ဆရာသည် တပည့်များအပေါ် သားသမီးများပမာ ချစ်ရှာပါသည်။ စာသင်ရုံမျှမကဘဲ ကျွန်တော်တို့ခြေသည်းလက်သည်း ညှပ်ရဲ့လားကအစ ရေမှန်မှန်ချိုးရဲ့လားထိ စိတ်ပူတတ်ပါသည်။ မကြာခဏ လက်သည်းခြေသည်း ညှပ်မညှပ်တို့

mgyoe.com

mgyoe.com


စစ်ဆေးလေ့ရှိပါသည်။ ဆရာသည် ကျောင်းတွင်းသန့်ရှင်းရေးကိုလည်း ကျွန်တော်တို့အား လုပ်ခိုင်းပါသည်။ ကျွန်တော်တို့သည် အလှည့်ကျသော နေ့ရက်များတွင် ကိုယ့်တာဝန်ကိုယ်ယူကာ တံမြက်စည်းလှည်းခြင်း၊ သောက်ရေထည့်ခြင်း၊ ခုံစီခြင်းစသည်တို့ကို လုပ်ဆောင်ရပါသည်။

ကျွန်တော်တို့အတန်းပိုင်ဆရာသည် စာသင်ပြခြင်း၊ စာရှင်းလင်းခြင်းတို့တွင် ကျွန်တော်တို့ နားလည်သည်အထိ စိတ်ရှည်ကာ ရှင်းလင်းသင်ပြသူတစ်ဦး ဖြစ်ပါသည်။ ထို့ကြောင့် စာသင်ကောင်းသော ဆရာတစ်ဦး ဖြစ်ပါသည်။ ဆရာသည် စာသင်ကောင်းသကဲ့သို့ သဘောလည်း ကောင်းပါသည်။ သို့သော်လည်း ကျွန်တော်တို့ စည်းကမ်းမလိုက်နာလျှင် မကြိုက်ပါ။ ခပ်ပြင်းပြင်းလေး ဆုံးမလေ့ရှိပါသည်။ ရိုက်တာထက် နာသော စကားလုံးများသုံးကာ စိတ်ရှည်လက်ရှည် ရှင်းပြကာ ဆုံးမပါသည်။ ဆရာ့ဆုံးမစကားတို့သည် အရိုက်ခံရသည်ထက် ပို၍နာပါသည်။

ဆရာသည် ကျွန်တော်တို့ကို အဆင့်အတန်းမခွဲခြားဘဲ ဆက်ဆံပါသည်။ ဂရုစိုက်ပါသည်။ ဆရာ့မွေးနေ့ရောက်တိုင်း ဆရာသည် ကျွန်တော်တို့ကို သူ့အိမ်သို့ ခေါ်သွားကာ ဆရာကတော်လက်ရာ မုန့်တစ်မျိုးမျိုးကို ကျွေးလေ့ရှိပါသည်။ ဆရာသည် ဆင်းရဲသောကျောင်းသားများကိုလည်း စာအုပ်၊ စာတမ်း၊ ခဲတံ၊ ပေတံတို့ကို ပေးလေ့ရှိပါသည်။ စာတော်သော ကျောင်းသားများကိုလည်း ဆုချလေ့ရှိပါသည်။ ကျွန်တော်တို့သည် စာသင်ကောင်းရုံသာမက ကျွန်တော်တို့ကို ချစ်သော အတန်းပိုင်ဆရာ ဦးရေချမ်းကို အလွန်ချစ်ခင်ကြပါသည်။

❒

mgyoe.com

mgyoe.com

# ကျွန်တော့်ခွေးကလေး

ကျွန်တော် ငယ်ငယ်က ဖြစ်ပါသည်။ သုံးလေးငါးတန်းလောက် ဖြစ်မည်ထင်သည်။ ကျွန်တော့်မိဘနှစ်ပါးက ကျွန်တော့်ကို မွေးနေ့လက်ဆောင်တစ်ခု ပေးပါသည်။ ထိုမွေးနေ့လက်ဆောင်မှာ ခွေးကလေးတစ်ကောင် ဖြစ်ပါသည်။

ကျွန်တော် အလွန်ပျော်ပါသည်။ ကျွန်တော် ရခဲ့ဖူးသော မွေးနေ့လက်ဆောင်များမှာ အရုပ်ကလေးများ၊ ကား၊ သင်္ဘော၊ လေယာဉ်ပျံရုပ်များနှင့် သေနတ်ကစားစရာများသာ ဖြစ်ပါသည်။ အသက်ရှိသော မွေးနေ့လက်ဆောင်ဟူ၍ တစ်ကြိမ်တစ်ခါမှ မရခဲ့ဖူးပါ။ မိဘနှစ်ပါးဝယ်ပေးသော ခွေးကလေးမှာ သေးသေးလုံးလုံး အမွေးပွပွနှင့် ဖြစ်ပါသည်။ အညိုရောင်ဖြစ်ပါသည်။ မျက်လုံးလှလှနှင့် နားရွက်ရှည်ရှည်ရှိပါသည်။ ကျွန်တော့်ဖေဖေက အညိုရောင်ကလေးမို့ "ဘရောင်နီ" ဟု အမည်ပေးပါသည်။

ကျွန်တော်လည်း ဖေဖေပေးသည့်အမည်ကို ကြိုက်ပါသည်။ ဘရောင်နီ၊ ဘရောင်နီဟု ခေါ်ကြည့်ပါသည်။ ခွေးကလေးက မသိပါ။

mgyoe.com

mgyoe.com


ဖေဖေက ပြောပါသည်။ ခဏခဏ ခေါ်ပေးလျှင် သူ့ကို ခေါ်မှန်းသိသွားပြီး မှတ်မိလာလိမ့်မည်ဟုဆိုပါသည်။ ထို့ကြောင့် ကျွန်တော်က ဘရောင်နီ ဘရောင်နီဟု ခဏခဏခေါ်ပါတော့သည်။ ကျွန်တော် ခေါ်လွန်းလို့ ကြောင့်လားမသိပါ။ တစ်ပတ်လောက်ကြာသောအခါ ခွေးကလေးသည် သူ၏အမည်ကို သိသွားပုံရပါသည်။ ဘရောင်နီဟု ခေါ်လိုက်တိုင်း အမြီးလှုပ်ကာ ပြေးပြေးလာပါတော့သည်။

ဘရောင်နီကလေးသည် ခွေးထီးကလေးဖြစ်ပါသည်။ သူသည် တဖြည်းဖြည်းနှင့် ကြီးထွားလာပါသည်။ ငယ်ငယ်က မြေကြွက်ကြီး လောက်မျှသာရှိခဲ့သော ဘရောင်နီမဟုတ်တော့ပါ။ ခွေးတစ်ကောင်အတွက် ပြည့်စုံသောအရွယ်အစား ရောက်နေပြီဖြစ်ပါသည်။ ဖေဖေကတော့ ရယ်စရာပြောပါသည်။ ဘရောင်နီတစ်ကောင်တော့ ခွေးလား မြောက်လာပြီဟေ့။ သားကတော့ လူလားမမြောက်သေးဘူးကွ ဟုပြောရင်း တဟားဟား ရယ်မောနေပါတော့သည်။

ဘရောင်နီကလေးသည် အလွန်လိမ္မာပါသည်။ ရှုးရှုးပေါက် အီအီးပါသည့်ကိစ္စများကို အိမ်ထဲတွင် လုပ်လေ့မရှိပါ။ မနက်တစ်ခေါက် ညနေတစ်ခေါက် ထွက်ကျောင်းသည့်အချိန်မှသာ အပြင်မှာ ပေါက်ပါသည်။ အပြင်မှာပါ ပါသည်။ အစားအသောက်များကိုလည်း ခိုးစားလေ့မရှိပါ။ နှိုက်စားလေ့မရှိပါ။ သူ့ကိုကျွေးမှသာ ယူစားပါသည်။ မေမေက မျိုးကောင်းမျိုးသန့်ခွေးကလေးဟု ပြောပါသည်။

ကျွန်တော့်ခွေးကလေးသည် ကျွန်တော့်အတွက် အဖော်ကောင်းတစ်ယောက် ဖြစ်ပါသည်။ ကျွန်တော် စာကျက်လျှင် ဘေးမှာထိုင်နေတတ်ပါသည်။ ကျွန်တော်နှင့် ကစားချင်သည့်အခါ ကျွန်တော့်ကို ကြည့်၍ တဝုတ်ဝုတ်ဟောင်ပါသည်။ အမြီးကို လှုပ်ပါသည်။ ကိုယ်ကို ခါပါသည်။ ခုန်ပေါက်ကာ လှုပ်ရှားနေတတ်ပါသည်။ ထိုအခါ

mgyoe.com

mgyoe.com


ကျွန်တော်က သူနှင့်အတူတူ ကစားခုန်ပြေးလွှားပေးလိုက်လျှင် သူ အလွန်ပျော်ပါသည်။ ကျွန်တော်လည်း ပျော်ပါသည်။

ဘရောင်နီသည် အလွန်ပါးနပ်သော ခွေးကလေးဖြစ်ပါသည်။ ဖေဖေက အော်လိုက်လျှင် အမြီးကုပ်ကာ ချောင်တစ်နေရာတွင် သွားထိုင်နေတတ်ပါသည်။ မေမေက အသံမထွက်ဘဲ လက်ယပ်ခေါ်လျှင် အသာကလေး မေမေ့နားသို့ ကုပ်ချောင်းချောင်းနှင့် ဖေဖေမသိအောင် လာတတ်ပါသည်။ ဘရောင်နီကို ကျွန်တော်ချစ်သလို ဖေဖေနှင့် မေမေကလည်း ချစ်ပါသည်။

ဘရောင်နီသည် စည်းကမ်းရှိသော ခွေးကလေးဖြစ်ပါသည်။ သူ့ကို မကျွေးသော အစားအစာများကို ယူစားလေ့မရှိပါ။ နှိုက်စားလေ့မရှိပါ။ သူစားရမည့်ပန်းကန်ထဲသို့ ထည့်ပေးသော အစားအစာများကိုသာ စားသောက်ပါသည်။ အခြားခွေးများက ဟင်းခိုးစားသည်။ ဖိနပ်များကို ကိုက်သည်ဟု ကြားရသောအခါ ကျွန်တော်တို့မှာ ဘရောင်နီအတွက် ဂုဏ်ယူရပါသည်။

တစ်နေ့တွင် ဖေဖေက ဘရောင်နီအတွက် ဖိနပ်ကလေးများ ဝယ်လာပါသည်။ ခြေထောက်လေးချောင်းရှိသော ဘရောင်နီအတွက် ဖိနပ်မှာ လေးဖက်ဖြစ်ပါသည်။ ဘရောင်နီကို ကျွန်တော်က ဖိနပ်များ စီးပေးပါသည်။ စီးစီးပြီးချင်းတွင် မနေတတ်၊ မထိုင်တတ်ဖြစ်သောကြောင့်လား မသိ၊ ဘရောင်နီခမျာ ဂနာမငြိမ်ဖြစ်နေပါတော့သည်။ အတော်ကြာသောအခါ အသားကျသွားသည် ထင်ပါသည်။ ဘရောင်နီသည် အဆင်ပြေပြေဖြစ်သွားပုံရသည်။ ဖိနပ်အသစ်နှင့် လမ်းလျှောက်နေသည်မှာ မာန်တက်နေပုံပေါက်နေပါတော့သည်။

တစ်နေ့။ ထိုနေ့ကို ကျွန်တော် မမေ့နိုင်ပါ။ ဘရောင်နီကို

mgyoe.com

mgyoe.com


ကျောင်းနေပါသည်။ သူ ရှုံးရှုံးပေါက် အီအီးပါရန် ဖြစ်ပါသည်။ ကြိုးနှင့် ကျောင်းစရာမလိုသော ဘရောင်နီကို လွှတ်ပေးထားပြီး ကျွန်တော်က ဘေးကလျှောက်နေရုံ ဖြစ်ပါသည်။ ဘရောင်နီက လိမ္မာသော ခွေးဖြစ်သောကြောင့် သူ့ကိစ္စများပြီးလျှင် ကျွန်တော့်နား ပြေးလာပါသည်။ ပြီးလျှင် ကျွန်တော်တို့အိမ်ပေါ်သို့ အတူတူတက်ပါသည်။

ထိုနေ့တွင်တော့ အိမ်ပေါ်သို့ အတူတူမတက်နိုင်ခဲ့ပါ။ ကျွန်တော်နှင့်ဘရောင်နီ အတူတူလမ်းလျှောက်နေစဉ် အလှူခံအဖွဲ့တစ်ခုမှ အိုးစည်သံတညံညံနှင့် ကျွဲရုပ်ကြီးနှစ်ကောင်ကကာ အလှူခံဖို့ ကျွန်တော်တို့ လမ်းထဲသို့ ဝင်လာပါတော့သည်။ ဆူဆူညံညံအသံနှင့် ကျွဲမည်းမည်းနှစ်ကောင်ကို တစ်ခါမှ မမြင်ဖူး၊ မကြုံဖူး၊ မကြားဖူးသော ဘရောင်နီသည် ကြောက်လန့်တကြား အဝေးသို့ ထွက်ပြေးပါတော့သည်။

ပြေးရင်းလွှားရင်း ဘယ်အရပ်သို့ ရောက်သွားသည်မသိပါ။ ဘရောင်နီသည် ကျွန်တော်ထံသို့ ပြန်မလာတော့ပါ။ ကျွန်တော်တို့ အိမ်သို့လည်း ပြန်မလာတော့ပါ။ ကျွန်တော် စိတ်ပူရပါပြီ။ ကျွန်တော်ရော မေမေရော ဖေဖေပါ စိတ်ပူကြပါပြီ။ ရပ်ကွက်ရုံးကိုသွားကာ ဘရောင်နီပျောက်ကြောင်းနှင့် တွေ့သည်သူများရှိပါက ပြန်ပို့ဖို့ အကြောင်းကြားခဲ့ရပါသည်။

တစ်ရက်ကြာသွားပါပြီ။ ဘရောင်နီ့သတင်းမရပါ။ နှစ်ရက်သုံးရက်၊ လေးရက်၊ ငါးရက်ကြာလာပါပြီ။ ဘရောင်နီသတင်း လုံးဝမကြားရသေးပါ။

အကြောင်းမှာ ကျွဲရုပ်ကြီးကို ဘရောင်နီကြောက်ပြီး ထွက်ပြေးသွားသောကြောင့်ပင် ဖြစ်ပါသည်။ နောက်တစ်ပတ်လောက်ကြာမှ

mgyoe.com

mgyoe.com


ဘရောင်နီကို အခြားသူတစ်ဦးက လာပို့ပါသည်။ သူတို့အိမ်တွင် ခုနှစ်ရက်မျှ သောင်တင်နေသောဘရောင်နီသည် ကျွန်တော်နှင့် ပြန်တွေ့သောအခါ များစွာဝမ်းသာနေပါသည်။ အမြီးတနှန့်နှန့်နှင့် ပျော်ပျော်ရွှင်ရွှင်ဖြစ်နေသော ကျွန်တော့်ခွေးကလေးကို ကြည့်ရင်း ကျွန်တော်ပါ ပျော်ရွှင်နေမိပါတော့သည်။

❒

mgyoe.com

mgyoe.com

# ကျွန်ုပ်ဖေဖေ

ကျွန်ုပ်တို့တွင် မိဘနှစ်ပါးရှိကြပါသည်။ မိသားစုရှိကြပါသည်။ မိသားစုတွင် တာဝန်အယူရဆုံးသူမှာ အိမ်ထောင်ဦးစီးများ ဖြစ်ပါသည်။ အိမ်ထောင်ဦးစီးများသည် အဖေများသာ ဖြစ်ကြပါသည်။ ကျွန်ုပ်တို့အိမ်၏ အိမ်ထောင်ဦးစီးများသည်လည်း ကျွန်ုပ်တို့ဖေဖေ ဖြစ်ပါသည်။

ကျွန်တော်တို့မိသားစုမှာ လေးယောက်ဖြစ်ပါသည်။ ဖေဖေ၊ မေမေ၊ ကိုကိုနှင့်ကျွန်တော် ဖြစ်ပါသည်။ ဖေဖေ၏အမည်မှာ ဦးဘလှ ဖြစ်ပါသည်။ မေမေ၏အမည်မှာ ဒေါ်လှသောင်း ဖြစ်ပါသည်။ ကိုကို အမည်မှာ မောင်ဘဦးဖြစ်ပါသည်။ ကျွန်တော့်အမည်မှာ မောင်ဘလှ ထွေး ဖြစ်ပါသည်။

ဖေဖေသည် ကျွန်တော့်ကို သားအငယ်ဖြစ်သောကြောင့် သား ထွေးလေးဟု ခေါ်ပါသည်။ ဖေဖေ အမည်နောက်တွင် ထွေးထည့်ကာ ကျွန်တော့်အမည်ကို ဘလှထွေးဟု ပေးထားခြင်း ဖြစ်ပါသည်။ ဖေဖေ သည် ကျွန်တော်တို့ညီအစ်ကိုနှစ်ယောက်ကို အလွန်ချစ်ပါသည်။

mgyoe.com

mgyoe.com


အလွန်အလိုလိုက်ပါသည်။ မေမေ့ကိုလည်း ပြည့်စုံအောင် စီစဉ်ပေးပါသည်။

ဖေဖေသည် အင်ဂျီနီယာတစ်ဦး ဖြစ်ပါသည်။ ဆောက်လုပ်ရေးကုမ္ပဏီတစ်ခုတွင် တာဝန်ထမ်းဆောင်ပါသည်။ ဖေဖေတို့ကုမ္ပဏီသည် မြန်မာနိုင်ငံနေရာအနှံ့တွင် အဆောက်အဦများ ဆောက်လုပ်ပါသည်။ ထို့ကြောင့် ဖေဖေသည် မကြာခဏ ခရီးထွက်ရပါသည်။ ဖေဖေ ခရီးထွက်လာသောအခါ ကျွန်တော်တို့ ညီအစ်ကိုနှစ်ယောက် ဖေဖေ့ကို လွမ်းပါသည်။ မေမေကလည်း ဖေဖေ့ကို လွမ်းသည်ဟု ပြောပါသည်။

ဖေဖေခရီးထွက်လျှင် လေးငါး၊ ဆယ်ရက် ကြာတတ်ပါသည်။ ဖေဖေခရီးထွက်ရာမှ ပြန်လာလျှင် ကျွန်တော်တို့မိသားစု အလွန်ပျော်ပါသည်။ ဖေဖေသွားခဲ့သောမြို့မှ စားစရာများ၊ အသုံးအဆောင်များကို ဝယ်လာကာ ဒါက ကျွန်တော်ဖို့၊ ဒါက ကိုကိုဖို့၊ ဒါက မေမေ့ဖို့၊ ဒါတွေက အိမ်နီးနားချင်းတွေဖို့ဟုဆိုကာ လက်ဆောင်များ ပေးပါသည်။

ဖေဖေသည် အလုပ်ကို ကြိုးစားလုပ်ကိုင်သူတစ်ဦး ဖြစ်ပါသည်။ အလုပ်ပင်ပန်းသော်လည်း ကျွန်တော်တို့ရှေ့တွင် ပြုံးပြုံးရွှင်ရွှင်နေသူ ဖြစ်ပါသည်။ ဘယ်တော့မှ အလုပ်တွင် ပင်ပန်းကြောင်းကို ဖေဖေ ပြောလေ့မရှိပါ။ ကျွန်တော်တို့ကိုလည်း လူမှန်လျှင် အလုပ်လုပ်ရမည်ဖြစ်ကြောင်း၊ အလုပ်ကောင်းကောင်းလုပ်ချင်လျှင် စာကြိုးစားသင့်ကြောင့် ဆုံးမပါသည်။

ဖေဖေသည် ပညာရေးကို အားပေးပါသည်။ စာတော်လျှင် ဆုပေးပါသည်။ ကျောင်းစာကိုသာမက အပြင်စာပေများဖြစ်သော ရွှေသွေးစာစောင်များ၊ ကလေးမဂ္ဂဇင်းများကို ဝယ်ပေးကာ ကျွန်တော်

mgyoe.com

mgyoe.com



တို့ကို ဖတ်စေပါသည်။ ကျွန်တော်တို့ စာဖတ်နေလျှင် ဖေဖေသည် ပြုံးပြုံးပြုံးပြုံးနှင့် ကျေနပ်နေတတ်ပါသည်။

ဖေဖေသည် သူငယ်ငယ်က ပညာရေးအတွက် ကြိုးစားခဲ့ရကြောင်းကို မကြာခဏ ပြောပြလေ့ရှိပါသည်။ ဖေဖေ့မိဘများမှာ ချမ်းသာကြွယ်ဝသူများ မဟုတ်ပါ။ ဖေဖေ့အဒေါ်က ကျောင်းထားပေးသောကြောင့် ယခုလို အင်ဂျင်နီယာတစ်ယောက်ဖြစ်လာကြောင်း ပြောပြပါသည်။ ကျွန်တော်တို့ကိုလည်း စာကြိုးစားဖို့ မကြာခဏ ပြောပါသည်။

စာမေးပွဲတွင် အဆင့်ကောင်းကောင်းရပါက ဖေဖေက ဆုချလေ့ရှိပါသည်။ အဆင့်မကောင်းလျှင် ဖေဖေက ဆူခြင်း၊ ရိုက်ခြင်း မလုပ်ပါ။ ကျွန်တော်တို့ညီအစ်ကိုနှစ်ယောက်စလုံးကို အေးအေးဆေးဆေး ရှင်းပြပါသည်။ ကြိုးစားဖို့သာ ပြောပါသည်။ မေမေကတော့ တစ်ခါတလေ ကျွန်တော်တို့ကို ရိုက်တတ်ပါသည်။

ကျွန်တော်တို့ကို ဖေဖေသည် မေမေ့ထက်ပို အလိုလိုက်သည်ဟု ထင်ပါသည်။ မေမေက အလိုမလိုက်သည်တော့ မဟုတ်ပါ။ စည်းကမ်းရှိစေချင်သူ ဖြစ်ပါသည်။ ထို့ကြောင့် မေမေက ဖေဖေ့ထက်စာလျှင် တင်းတင်းကျပ်ကျပ် စည်းကမ်းရှိရှိ ဆိုဆုံးမပါသည်။ ထို့ကြောင့် ကျွန်တော်တို့သည် ဖေဖေ့ကို မေမေထက်ပို၍ ချွဲပါသည်။ အနူနည်းဖြင့် အနိုင်ကျင့်လေ့ရှိပါသည်။ ကျွန်တော်တို့ ဘယ်လိုလုပ်လုပ် ဖေဖေက ပြုံးပြုံးရွှင်ရွှင်ခွင့်လွှတ်ကာ အလိုလိုက်မြဲဖြစ်ပါသည်။

ဖေဖေသည် သည်းခံနိုင်သူဖြစ်သည်။ စိတ်ရှည်သူဖြစ်သည်။ အလုပ်ကြိုးစားသူဖြစ်သည်။ အားလုံးအတွက် အနစ်နာခံသူ ဖြစ်သည်။ တာဝန်ကျေသူဖြစ်သည်။ မိသားစုကို ချစ်သူဖြစ်သည်။ ကျွန်တော်တို့သည် ဖေဖေ့သားသမီးများ ဖြစ်ရသည်ကို ဂုဏ်ယူပါ

mgyoe.com

mgyoe.com


သည်။ ကြည်နူးပါသည်။ ကျွန်တော်တို့ဖေဖေကို ကျွန်တော်တို့ အလွန်ချစ်ပါသည်။

❒

mgyoe.com

mgyoe.com

# ကျွန်တော့်အကြောင်း

ကျွန်တော်၏အမည်မှာ မောင်ကောင်းခန့်ညီညီ ဖြစ်ပါသည်။ ကျွန်တော်၏ ဖေဖေနှင့် မေမေမှာ ဦးညီညီနှင့် ဒေါ်ဟေမာဖြစ်ပါသည်။ ကျွန်တော့်တွင် ညီအစ်ကိုမောင်နှမများ မရှိပါ။ တစ်ဦးတည်းသောသား ဖြစ်ပါသည်။ ကျွန်တော်သည် အထက ၆ ဗိုလ်တထောင်တွင် ပညာသင်ကြားနေပါသည်။ ကျွန်တော်၏ပညာအရည်အချင်းမှာ စတုတ္ထတန်း ဖြစ်ပါသည်။ ကျွန်တော့်အသက်မှာ ကိုးနှစ်ကျော်ဆယ်နှစ်အတွင်း ဖြစ်ပါသည်။

ကျွန်တော်သည် တစ်ဦးတည်းသောသား ဖြစ်ပါသည်။ မိသားစုတွင် တစ်ယောက်တည်းသော ကလေးတစ်ယောက်ဖြစ်ရခြင်းမှာ ကောင်းပါသည်။ ကျွန်တော့်ကို ကျွန်တော်၏မိဘနှစ်ပါးစလုံးက အလွန်ချစ်ပါသည်။ မောင်နှမမရှိသော ကျွန်တော့်တွင် ချစ်စရာကောင်းသော ခွေးကလေးနှစ်ကောင် ရှိပါသည်။ သူတို့၏အမည်မှာ ပလူတိုနှင့် ရှန်တီတို့ ဖြစ်ပါသည်။ ပလူတိုသည် ခွေးထီးကလေး ဖြစ်ပါသည်။ ရှန်တီသည် ခွေးမကလေး ဖြစ်ပါသည်။ ထိုခွေးကလေး

mgyoe.com

mgyoe.com


နှစ်ကောင်ကို ကျွန်တော် အလွန်ချစ်ပါသည်။ သူတို့ကလည်း ကျွန်တော့်ကို ချစ်ပါသည်။

ကျွန်တော်သည် ကျောင်းတက်ရသော နေ့များတွင် နံနက်စောစော အိပ်ရာမှထပါသည်။ ဖေဖေနှင့်အတူ ရေချိုးပါသည်။ သွားတိုက်ပါသည်။ သနပ်ခါးကိုတော့ မေမေက လိမ်းပေးပါသည်။ ပြီးလျှင် အဝတ်အစားလဲပါသည်။ မိသားစုသုံးယောက်စလုံး အတူတူ နံနက်စာ စားပါသည်။ ကျွန်တော်တို့ နံနက်စာစားလျှင် ခွေးကလေးနှစ်ကောင်က ဘေးမှထိုင်ကာ စောင့်နေပါသည်။ ကျွန်တော်က စားစရာနည်းနည်းကို ချကျွေးတတ်ပါသည်။

ကျွန်တော်သည် ဖေဖေနှင့်အတူ ကျောင်းသွားပါသည်။ ဖေဖေက ကျွန်တော့်ကိုကျောင်းပို့ပြီးလျှင် ရုံးသွားပါသည်။ ကျောင်းတွင် သူငယ်ချင်းများနှင့် ကျောင်းမတက်ခင် ပင်ပေါင်ရိုက်ပါသည်။ ကျောင်းတက်လျှင် ဆရာ၊ ဆရာမများ သင်ကြားသမျှကို မှတ်သားပါသည်။ မုန့်စားလွှတ်လျှင် မုန့်မြန်မြန်စားကာ သူငယ်ချင်းများနှင့် ပင်ပေါင်ရိုက်ပါသည်။ ကျွန်တော်တို့သူငယ်ချင်းအားလုံး ပင်ပေါင်ရိုက်ခြင်းကို နှစ်သက်ပါသည်။ ကျောင်းလွှတ်သောအခါ မေမေက လာကြိုပါသည်။ မေမေနှင့်အတူတူ အိမ်ပြန်ရပါသည်။

ကျွန်တော်တို့သူငယ်ချင်းများက ကောင်းခန့်ညီညီဟု မခေါ်ကြပါ။ ညီညီဟုသာ ခေါ်ပါသည်။ ညီညီသည် ကျွန်တော့်အဖေနာမည် ဖြစ်သောကြောင့် ကျွန်တော် ကြိုက်ပါသည်။ ဖေဖေ လာကြိုသောနေ့များတွင် သူငယ်ချင်းများက ကျွန်တော့်ကို ညီညီဟု ခေါ်တိုင်း ဖေဖေက လိုက်ကြည့်ပါသည်။ ကျွန်တော် အလွန်ကျေနပ်ပါသည်။ ဖေဖေ၊ မေမေနှင့် အဒေါ် ဦးဦးများက ကျွန်တော့်ကို ကုကူဟု ခေါ်ပါသည်။ ထိုနာမည်ကိုလည်း ကျွန်တော် ကြိုက်ပါသည်။

mgyoe.com

mgyoe.com


ကျွန်တော်သည် ကျောင်းပိတ်ရက်တွင် ရေကူးပါသည်။ ရေကူးရတာကို ကျွန်တော် သဘောကျပါသည်။ အားလပ်ချိန်များတွင် ကျွန်တော်သည် အရုပ်ဆက်ပါသည်။ အပိုင်းအစများကို စက်ရုပ်ပုံများ၊ အိမ်ပုံများ၊ ကားပုံများစသည်ဖြင့် ဆက်ရပါသည်။ ကျွန်တော် အရုပ်ဆက်ရပြီဆိုလျှင် ထမင်းစားဖို့ပင် ခေါ်ယူရပါသည်။ အရုပ်ဆက်ရသည်ကိုလည်း သဘောကျပါသည်။

ကျွန်တော့်တွင် ရေအတူတူကူးသော အိမ်နီးချင်းသူငယ်ချင်းတစ်ယောက် ရှိပါသည်။ သူ၏အမည်မှာ ဖိုးသောကြာဖြစ်ပါသည်။ သောကြာနေ့တွင် မွေးသောကြောင့် ဖိုးသောကြာဟု သူ့အိမ်က ခေါ်ကြောင်း ပြောပါသည်။ ကျွန်တော်နှင့် ဖိုးသောကြာသည် အတန်းမတူပါ။ သူက ကျွန်တော့်ထက် တစ်တန်းငယ်ပါသည်။ သို့သော် ကျွန်တော်တို့အတူတူ ကစားနိုင်ပါသည်။ ရေကူးနိုင်ပါသည်။ ဖိုးသောကြာကို ကျွန်တော် ခင်ပါသည်။

ကျွန်တော်၏ရည်မှန်းချက်မှာ ဆရာဝန်တစ်ဦး ဖြစ်ချင်ပါသည်။ မေမေက ပြောပါသည်။ ဆရာဝန်ဖြစ်ချင်လျှင် စာအများကြီး ဖတ်ရမည်ဖြစ်ကြောင်း၊ စာကြိုးစားဖို့လိုကြောင်း၊ စိတ်ထားကောင်းဖို့လိုကြောင်း၊ အစစသည်းခံနိုင်ရမည်ဟု ဆိုပါသည်။ ကျွန်တော့်ဖေဖေကတော့ ဘာမှမပြောပါ။ ကျွန်တော်ဖြစ်ချင်တာကို ကြိုးစားရန်သာ ပြောပါသည်။

ကျွန်တော်သည် အသက်ကြီးလာလျှင် ဖေဖေ၊ မေမေတို့ကို ကျေးဇူးဆပ်ပါမည်။ လိမ္မာသောသားတစ်ယောက် ဖြစ်ချင်ပါသည်။ ယဉ်ကျေးသော သားတစ်ယောက်ဖြစ်ချင်ပါသည်။ တော်သောဆရာဝန်တစ်ယောက်လည်း ဖြစ်ချင်ပါသည်။ ကျွန်တော်သည် စာကြိုးစားရင်း ကျွန်တော်ဖြစ်ချင်သော ဆရာဝန်တစ်ဦးဖြစ်အောင် နေထိုင်

mgyoe.com

mgyoe.com


မည်ဟု ဆုံးဖြတ်ထားပါသည်။

❒

mgyoe.com

mgyoe.com

# ကျွန်တော်တို့ စာသင်ကျောင်း

ကျွန်တော်၏အမည်မှာ မောင်ညိုလှငယ်ဖြစ်ပါသည်။ အိမ်တွင် အငယ်ဆုံးသားဖြစ်သောကြောင့် မိဘများက ညိုလှငယ်ဟု မှည့်ခေါ်ထားခြင်း ဖြစ်ပါသည်။ ကျွန်တော်သည် စတုတ္ထတန်းကျောင်းသားတစ်ဦး ဖြစ်ပါသည်။ ကျွန်တော်၏စာသင်ကျောင်းကလေးမှာ အ. မ. က(၁) ရွာသာယာဖြစ်ပါသည်။

ကျွန်တော်တို့ရွာသာယာမှ ကျောင်းသားငယ်များ အခြားရွာကြီးရှိ စာသင်ကျောင်းသို့ သွားရောက်တက်ရန်အတွက် အလွန်ဝေးပါသည်။ ရွာမှ လူကြီးများ၏ကြိုးစားမှုကြောင့် အ. မ. က (၁) ရွာသာယာကျောင်းကလေး ဖြစ်ပေါ်လာပါသည်။

ရွာတွင် ကျောင်းရှိသွားသည့်အတွက် ကျောင်းအဝေးကြီးသို့ မတက်နိုင်သော ကလေးများအားလုံး ကျောင်းတက်နိုင်ပြီဖြစ်ပါသည်။ ကျွန်တော်တို့ ကျောင်းကလေး မရှိခင်က အခြားရွာကြီးများသို့ သွားရောက်ပညာသင်ယူနိုင်သူများသာ ပညာသင်ကြားခွင့်ရပါသည်။ ယခုမဟုတ်တော့ပါ။ ရွာမှရှိသည့် ကလေးသူငယ်တိုင်း ပညာ

mgyoe.com

mgyoe.com


သင်ကြားခွင့် ရပါပြီ။

ကျွန်တော်တို့ကျောင်းကလေးတွင် ဆရာနှစ်ယောက်၊ ဆရာမ တစ်ယောက်ရှိပါသည်။ စာသင်ခန်းကတော့ ၅ ခန်းရှိပါသည်။ သူငယ်တန်းမှနေ၍ စတုတ္ထတန်းအထိ ဖြစ်ပါသည်။ ကျောင်းသား၊ ကျောင်းသူစုစုပေါင်း ခြောက်ဆယ်ကျော်ခန့်ရှိပါသည်။ ဆရာ၊ ဆရာမ သုံးယောက်နှင့် ကျောင်းသားခြောက်ဆယ်ကျော်တို့၏ သင်ကြားမှတ်ယူ၊ ရွတ်ဆိုသံများသည် ရွာထဲသို့ ပျံ့နှံ့နေပါတော့သည်။

ကျွန်တော်တို့ကျောင်းသည် အလျားရှည်သောကျောင်း ဖြစ်ပါသည်။ ကျွန်တော့်အထင်ပြောရလျှင် ၇၅ ပေလောက် ရှည်မည်ထင်ပါသည်။ ယင်းအလျားရှည်ကြီးကို အခန်းများ ကန့်ကန့်ပြီး ဖွဲ့ထားပါသည်။ စာသင်ခန်း ၅ ခန်းရှိပါသည်။ ရုံးခန်း၊ ဆရာမနားနေခန်းများ မရှိပါ။

ဆရာမနှင့် ဆရာသုံးယောက်တို့မှာ ကျွန်တော်တို့ စတုတ္ထတန်းကျောင်းသားများကို သင်္ချာပုစ္ဆာပေးကာ တိတ်တိတ်တွက်ခိုင်းပါသည်။ ကျွန်တော်တို့ လေ့ကျင့်ခန်းလုပ်နေစဉ် အခြားတန်းများသို့ သွားကာစာသင်ပါသည်။ သုံးယောက်နှင့် အခန်း ၅ ခန်းဖြစ်နေသော ဆရာဆရာမတို့ကို သနားမိပါသည်။ ရှေ့နှစ်တွင် ဆရာအသစ် ၂ ယောက် ထပ်ရောက်မည်ဟု သိရပါသည်။ ဆရာအသစ်များ ရောက်လာလျှင် ဆရာ ၅ ယောက်၊ အခန်း ၅ ခန်း ဖြစ်သွားပါလိမ့်မည်။

ကျောင်း၏မျက်နှာစာတွင် မြေနီလမ်းကလေး ရှိပါသည်။ မြေနီလမ်းကလေးမှာ ဂဝံကျောက်များ ခင်းထားပါသည်။ လမ်းဘေးတစ်ဖက်တွင် ရွက်လှပန်းများ အစီအရီစိုက်ထားပါသည်။ ကျောင်း၏အရှေ့တည့်တည့်တွင် အလံတိုင်ရှိပါသည်။ အလံတိုင်၏ခပ်ဝေးဝေးတွင် သွပ်ပြားစိမ်း စိမ်းပေါ်တွင် ဆေးသားအဖြူရောင်နှင့် ရေးထား

mgyoe.com

mgyoe.com


သော အ. မ. က (၁) ရွာသာယာဟူသည့် ဆိုင်းဘုတ်ကလေးရှိပါသည်။

ကျွန်တော်တို့ကျောင်း၏ ဘယ်ညာနှင့် အနောက်ဘက်များတွင် လယ်ကွင်းများရှိပါသည်။ ကျွန်တော်တို့ကျောင်းသည် မိုးဥတုတွင် **စိမ်းစိုနေ**သော စပါးပင်များကြားတွင် ရှိပါသည်။ ကျွန်တော်တို့ကျောင်းသည် ဆောင်းဥတုတွင် ဝင်းဝါနေသော စပါးပင်များအကြားတွင် ရှိပါသည်။

ကျွန်တော်တို့ ကျောင်းကလေးသည် ကျောင်းနှင့်တူသော အင်္ဂါရပ်များနှင့် မပြည့်စုံပါ။ သို့သော်လည်း ကျွန်တော်တို့ရွာရှိ ကလေးများအားလုံးကို ပညာနို့ချိုတိုက်ကျွေးနေသော ကျောင်းကလေးဖြစ်ပါသည်။ ကျွန်တော်တို့သည် ကျွန်တော်တို့ကျောင်းကလေးကို ချစ်ကြပါသည်။ မြတ်နိုးကြပါသည်။ နှစ်သက်ကြပါသည်။

❐

mgyoe.com

mgyoe.com

# ကျွန်တော်၏ ဝါသနာ

"စွဲစွဲမြဲမြဲလုပ်လေ့ရှိသော အကျင့်ကို ဝါသနာ"ဟု ဆရာက ပြောပါသည်။ ကျွန်တော် ဘာကိုစွဲစွဲမြဲမြဲ လုပ်ပါသနည်းဟု စဉ်းစားမိသည်။ အဖြေက တိတိကျကျမထွက်လာသေး။ ဟိုဟာလည်း လုပ်သလိုလို၊ ဒီဟာလည်း လုပ်သလိုလိုတွေ ပေါ်လာလိုက်သည်မှာ များလှသည်။

လူတိုင်းတွင် ဝါသနာ တစ်ခုမဟုတ်တစ်ခု ရှိနိုင်ပါသည်။ လူများစွာရှိသည့်အတွက် ဝါသနာများလည်း များစွာရှိနိုင်ပါသည်။ တစ်ယောက်နှင့် တစ်ယောက် ဝါသနာရှိပုံခြင်း မတူနိုင်ကြပါ။ သို့သော်လည်း တူသောဝါသနာရှိသူတို့က အချင်းချင်းစုကာဝေးကာ အတူတကွ လုပ်ကိုင်ဆောင်ရွက်ကြပါသည်။ ဝါသနာဆိုသည်မှာလည်း များပြားလှသည်။

တချို့က စာဖတ်ခြင်း၊ တချို့က ပန်းချီဆွဲခြင်း၊ တချို့က ခရီးသွားခြင်း၊ တချို့က တောင်တက်ခြင်း၊ တချို့က ဂီတ၊ တချို့က ရေကူး စသည်ဖြင့် များပြားလှသော ဝါသနာတို့ရှိကြပါသည်။ ကျွန်တော့်

mgyoe.com

mgyoe.com


ဝါသနာမှာ စာဖတ်ခြင်းဖြစ်ကြောင်း ကျွန်တော် သိလိုက်ရပါသည်။

အကြောင်းမှာ ကျွန်တော်သည် အခြားလုပ်စရာများနှင့် စာဖတ်ခြင်း ရွေးရမည်ဆိုလျှင် စာဖတ်ခြင်းကိုသာ ရွေးမိပါသည်။ စာဖတ်နေရလျှင် ဇိမ်ကျနေပါသည်။ စာမဖတ်သောနေ့ မရှိရအောင်ပင် ကျွန်တော် စာဖတ်ပါသည်။ အပြင်စာများကို ပိုဖတ်ဖြစ်ပါသည်။ အပြင်စာများကို ဖတ်ရသည်မှာ ကျောင်းစာဖတ်ရသည့်နှင့်မတူပါ။

ဝါသနာဆိုသည်မှာ အလေ့အကျင့်တစ်ခုပင် ဖြစ်ပါသည်။ ကျွန်တော်သည် စာဖတ်ခြင်းကို အလေ့အကျင့်တစ်ခုပမာ အမြဲပင် ဆောင်ရွက်ပါသည်။ ထို့ကြောင့် ကျွန်တော်၏ဝါသနာမှာ စာဖတ်ခြင်း ဖြစ်ပါသည်။

ကျွန်တော် စာဖတ်ဝါသနာပါရသည်မှာလည်း ကျွန်တော့်အိမ်ရှိ ဖေဖေ့စာအုပ်စင်ကြောင့်ဟုဆိုလျှင် မမှားနိုင်ပါ။ ဖေဖေသည် စာမျိုးစုံဖတ်ပါသည်။ စာအုပ်မျိုးစုံ ဖတ်ပါသည်။ ဟာသစာအုပ်မှသည် ဘာသာရေး၊ နိုင်ငံရေး၊ စာအုပ်များကို ဝယ်ယူဖတ်ရှုသူ ဖြစ်ပါသည်။ ဖေဖေ့စာအုပ်စင်သည် ကျွန်တော့်ကို စာဖတ်ဖို့ရာ မြှူဆွယ်ပါတော့သည်။

ကျွန်တော် စာဖတ်သည်မှာ ရွှေသွေး၊ တေဇ၊ မိုးသောက်ပန်း၊ စာစောင်ကလေးများ ဖြစ်ပါသည်။ ထိုစာစောင်ကလေးများကို ဖတ်ရင်း မေမေဖတ်သည့်မဂ္ဂဇင်းများကိုလည်း ဖတ်ကြည့်ချင်လာသည်။ ဤသို့ဖြင့် မေမေ့မဂ္ဂဇင်းများကိုလည်း ဖတ်ဖြစ်ပါသည် အကုန်လုံးတော့ နားမလည်ပါ။ တချို့ဝတ္ထုတိုကလေးများကို ကြိုက်သည်။ နားလည်သည်။ မဂ္ဂဇင်းများကိုဖတ်ရင်း ဝတ္ထုတိုကလေးများကို နှစ်သက်လာကာ တစ်ဆင့်တက်ပြီး ဝတ္ထုရှည်များ၊ လုံးချင်းဝတ္ထုများကိုပါ ဖတ်ဖြစ်လာပါတော့သည်။

mgyoe.com

mgyoe.com


စာဖတ်ဝါသနာကြောင့် ကျွန်တော် မသိသော အကြောင်းအရာတို့ကို သိလာရပါသည်။ ဗဟုသုတများ တိုးလာရပါသည်။ စာသိပ်မဖတ်သော သူငယ်ချင်းများက မေးမြန်းသည့်အခါ ဖြေရှင်းနိုင်သောကြောင့် သူငယ်ချင်းများ၏အထင်ကြီးမှုကိုပါ ရရှိနိုင်ပါသည်။

စာဖတ်ခြင်းကြောင့် ဗဟုသုတတိုးပွားစေပါသည်။ ရသစာပေများကြောင့် ခံစားတတ်၊ နားလည်တတ်၊ စာနာတတ်မှုများကို ဖြစ်ပေါ်စေပါသည်။ ရာဇဝင်များဖတ်ခြင်းကြောင့် ဇာတိသွေး၊ ဇာတိမာန်များကို တိုးပွားစေပါသည်။ အချစ်ဝတ္ထုများ၊ ဒသနစာပေများကြောင့် နူးညံ့သောနှလုံးသား၏ သာယာကြည်နူးမှုကို ရရှိစေပါသည်။

ဘဝသရုပ်ဖော်ဝတ္ထု၊ ဆောင်းပါးများကို ဖတ်သောကြောင့် လူအချင်းချင်း ကြုံတွေ့နေရသော၊ ရင်ဆိုင်နေရသော လူမှုဒုက္ခဆင်းရဲများကို သိမြင်လာပါသည်။ ဘာသာရေးစာပေတို့ကြောင့် ကိုယ်ကျင့်တရားကောင်းမွေးမြူရန်အတွက် အထောက်အပံ့ ဖြစ်စေခဲ့ပါသည်။

စာဖတ်ဝါသနာကြောင့် အသိဉာဏ်တိုးတက်လာပါသည်။ စာပေသည် အသိဉာဏ်ကြွယ်ဝရေး၏ အခြေခံ ရေသောက်မြစ်တစ်ခု ဖြစ်ပါသည်။ စာဖတ်ခြင်းကြောင့် ဆရာကြီးပီမိုးနင်း၏ အဆိုအမိန့်ကို သဘောကျ နှစ်သက်မိပါသည်။

**"စိတ်ကို အသိဉာဏ်က အုပ်စိုး၏**
**အသိဉာဏ်ကို ဗဟုသုတက အုပ်စိုး၏**
**ဗဟုသုတကို စာပေက အုပ်စိုး၏"**

ဟူသော အဆိုအမိန့်နှင့် ကျွန်တော်၏ စာဖတ်ဝါသနာကို ဖော်ပြရင်း နိဂုံးချုပ်လိုက်ရပါတော့သည်။

❒

mgyoe.com

mgyoe.com

## ခရီးသွားခြင်း

ကျွန်တော်သည် ရွာငယ်ငယ်လေးတစ်ရွာတွင် မွေးဖွားခဲ့သူ တစ်ဦး ဖြစ်သည်။ ကျွန်တော်တို့ရွာသည် အိမ်ခြေ ၁၅၀ကျော်မျှ ရှိသည်။ ကျောင်းသေးသေးလေးတစ်ကျောင်း ရှိသည်။ ယင်းကျောင်းကလေးသည် မူလတန်းကျောင်းကလေး ဖြစ်သည်။ ကျွန်တော်တို့ သူငယ်ချင်းတစ်သိုက်သည် ရွာကလေးတွင်မှာမွေးပြီး ရွာကလေးမှာပင် ကြီးပြင်းခဲ့ရသူများ ဖြစ်သည်။ ကိုယ့်ရွာ၊ ကိုယ့်ကျောင်း ကိုယ့်ရွာသားများလောက်သာ အချင်းချင်း သိကြသည်။

ကျွန်တော် လေးတန်းအောင်သောအခါရွာမှာ ဆက်တက်ရန် ကျောင်းမရှိတော့။ ထို့ကြောင့် အဖေ့အစ်မကြီးရှိသော မြို့သို့ ကျောင်းတက်ရန် ထွက်ခွာခဲ့ရသည်။ မြို့မှာကား ရွာနှင့်မတူ ကားသံလူသံ အော်သံဟစ်သံတို့နှင့် ဆူညံပွက်လောရိုက်နေသည်။ ရောက်ရောက်ချင်း ကျွန်တော် အသားမကျသေး။ နောက်ပိုင်းမှာတော့ အဆင်ပြေ အသားကျလာသည်။ကျောင်းတက်ရတာ ပျော်လာသည်။ သူငယ်ချင်းအသစ်များ ရလာသည်။ မြို့ကျောင်းကား တစ်မူထူးသည်။ အားလပ်

mgyoe.com

mgyoe.com


ရက်များတွင် ကျွန်တော်တို့ ခရီးထွက်ကြရသည်။ လေ့လာရေးသွားကြရသည်။ ပျော်စရာကောင်းသည်။ ပင်ပန်းသည်။ သို့သော် ဗဟုသုတများစွာ ရသည့်အတွက် ကျွန်တော်တို့ သူငယ်ချင်းတစ်သိုက် ကျေနပ်ကြပါသည်။

ကျွန်တော်တို့သည် အကြောင်းအမျိုးမျိုးကြောင့် ခရီးများသွားခဲ့ကြရသည်။ အပျော်ခရီးဖြစ်မည်။ လေ့လာရေးခရီးဖြစ်မည်။ တာဝန်နှင့် သက်ဆိုင်သောခရီး ဖြစ်မည်။ မည်သို့သောခရီးများဖြစ်ပါစေ ရည်ရွယ်ချက်ကိုယ်စီဖြင့် ခရီးအမျိုးမျိုးကို ပုံစံအမျိုးမျိုးနှင့် သွားနေရပါသည်။ မည်သည့်အကြောင်းနှင့် ခရီးထွက်သည်ဖြစ်စေ ကျွန်တော်တို့ ခရီးထွက်သည့်အခါတိုင်း အကျိုးတစ်ခုမဟုတ်တစ်ခု ရခဲ့ကြပါသည်။

အပျော်ခရီးဆိုလျှင် စိတ်အပန်းပြေပျောက်ခြင်းကို ရပါမည်။ လေ့လာရေးခရီးဆိုလျှင် ကိုယ့်ရပ်ကိုယ့်ရွာကိုယ့်ဒေသနှင့် မတူသောတစ်မူထူးခြားသည့် ဒေသန္တရဗဟုသုတများကို ရပါမည်။ တာဝန်အရ ခရီးထွက်လျှင်လည်း စိတ်ပြောင်းစိတ်လွဲများဖြင့် လောကဓံကို ခံနိုင်သည့်အကျိုးများ ရနိုင်ပါသည်။ ခရီးသွားခြင်းကို ကျွန်တော်တို့သည် ယခု မျက်မှောက်ခေတ်မှစတင်ခဲ့သည်မဟုတ်ပါ။

ခရီးသွားခြင်းကို ရှေးကမ္ဘာဦးကာလကတည်းကပင် စတင်ခဲ့ကြပါသည်။ ထိုခေတ်က ကမ္ဘာဦးလူသားတို့သည် မိမိတို့အသက်ရှင်ရန်အတွက်နှင့် စားနပ်ရိက္ခာပေါကြွယ်ဝစေရန်အတွက် ရေကြည်ရာမြက်နုရာကို ရှာဖွေကာ ခရီးများသွားခဲ့ကြပါသည်။ ခရီးများများသွားခဲ့ခြင်းကြောင့် ရှေးလူသားတို့သည် အတွေ့အကြုံများစွာရခဲ့ပါသည်။ အသိအမြင်များစွာ ရခဲ့ပါသည်။ လူနေမှုပုံစံများစွာ ပြောင်းလဲခဲ့ပါသည်။ လူမှုဘဝများလည်း မြင့်မားလာသည်ဟု ဆိုနိုင်ပါသည်။

mgyoe.com

mgyoe.com



ကျွန်တော်တို့သည် ခရီးမသွားခဲ့ပါက တိုးတက်မည် မဟုတ်ပေ။ နွားခြေရာခွက်ကလေးအတွင်းက ဖားသူငယ်ပမာဖြစ်နေမည်မှာ အသေအချာပင် ဖြစ်သည်။ ဖားသူငယ်သည် အပြင်လောကကို မကြည့်၊ မသိဘဲ ကိုယ့်နေရာသေးသေးလေးကိုပင် အထင်ကြီးကာ၊ အဟုတ်ထင်ကာ ဘဝင်မြင့်နေသူ ဖြစ်သည်။ ဝါးလုံးခေါင်းထဲ လသာနေသူသာ ဖြစ်နေပါလိမ့်မည်။

ကျွန်တော် ခရီးသွားခြင်းအစကားရွာမှ မြို့သို့ဖြစ်သည်။ မြို့ရောက်သောအခါ ရွာနှင့်မတူသော ပုံစံအမျိုးမျိုးကို တွေ့ရကြုံရသည်။ နှစ်သက်သည်များရှိသကဲ့သို့ မနှစ်သက်သည်များလည်း ရှိသည်။ သို့သော် ကျွန်တော် သိလိုက်ရသည့်အသိကား ငါတို့ရွာလိုမျိုး တစ်နေရာတည်း ရှိနေခြင်းမဟုတ်။ နေရာများစွာရှိသည်။ လူများစွာရှိသည်။ လူအမျိုးမျိုးရှိသည်။ စိတ်အထွေထွေရှိသည်။ ထို့ကြောင့် လူတွေနှင့် ပေါင်းသင်းဆက်ဆံတက်ဖို့ လိုသည်ဟူသော သင်ခန်းစာကို ရလိုက်ပါသည်။

ကျွန်တော်တို့ကျောင်းမှ စီစဉ်သောဘုရားဖူးခရီးတစ်ခုလည်း သွားဖြစ်သေးသည်။ နာမည်ကျော်ကြားသော၊ တန်ခိုးကြီးဘုရားဖြစ်သည့် ကျိုက်ထီးရိုးစေတီတော်သို့ သွားဖူးကြခြင်း ဖြစ်သည်။ ဦးဆောင်သူဆရာမများနှင့် ကျွန်တော်တို့ကျောင်းသားတစ်သိုက်နှင့် ဘုရားဖူးခရီးကို စခဲ့ကြသည်။ ပျော်လိုက်သည်ဖြစ်ခြင်း၊ ရင်ခုန်လိုက်သည်ဖြစ်ခြင်း။ ဆရာက စေတီတော်အထိ မော်တော်ကားနှင့် မတတ်စေဘဲ ရသေ့တောင်အထိသာ ကားစီးခိုင်းသည်။ ပြီးသော် ခြေလျင်တက်ကြရသည်။ ဘုရားဖူးရင်း တောင်တက်သည့် အတွေ့အကြုံပါရစေချင်သောကြောင့်ဟု ဆိုပါသည်။

ဆရာတို့ ငယ်ငယ်ကဆိုလျှင် ကင်ပွန်းစခန်းမှစကာ တောင်

mgyoe.com

mgyoe.com


ပေါ် အထိ တိုက်ရိုက်ခြေလျင်တက်ရကြောင်း ပြောပါသည်။ ကျွန်တော်တို့တစ်သိုက် အားရပါးရတက်ကြသည်။ မိန်းကလေးသူငယ်ချင်းများက ကျွန်တော်တို့ကိုမမီ။ ဘုရားကိုလှမ်းမြင်ရသည်။ ဘုရားကို လှမ်းဖူးရသည်။ တဖြည်းဖြည်းချင်း ကျွန်တော်တို့ဘုရားရင်ပြင်ပေါ် သို့ရောက်လာကြသည်။ ရင်ပြင်တော်ပေါ် ရောက်တော့ ချွေးထွက်နေသည်။ သို့သော် မမောပါ။ဘုရားဖူးချင်သည့်စိတ်က ဦးဆောင်နေသောကြောင့် ဖြစ်မည်ထင်သည်။

ကျိုက်ထီးရိုးစေတီတော်ကို ဖူးမြော်ပြီးနောက် အနီးအနားရှိ ကျိုးကန်းပါးစပ်သို့ သွားကြသည်။ လမ်းတွင် တောင်ပေါ် ဒေသထွက်သော၊ တောတွင်းထွက်သော အကောင်ပလောင်များ၏ အရိုးအရေများ။ ဆင်မြီးများ၊ ဆိတ်ချိုများ၊ စပါးကြီးသည်းခြေများ ရောင်းချနေသည့်ဆိုင်ကလေးများကို တွေ့ရသည်။ ကိုယ်မမြင်ဖူးသည်တို့ကို မြင်တွေ့ရသောကြောင်း စူးစမ်းမိသည်။ ဗဟုသုတများစွာ ရခဲ့ရပါသည်။

ခရီးသွားခြင်းသည် စိတ်နှလုံးကို ကြည်နူးစေရုံမျှမကဘဲ အခြားသော အကျိုးရှိသည့်အရာများကိုပါ ပေးစွမ်းနိုင်သည့် ကိစ္စတစ်ခု ဖြစ်ပါသည်။ ထို့ကြောင့် လူသားတိုင်းလူသားတိုင်း ခရီးသွားသင့်ပါကြောင်း ပြောချင်ပါတော့သည်။

❐

mgyoe.com

mgyoe.com

# ကျွန်တော်ကြိုက်သော ဘာသာရပ်

ကျွန်တော်သည် စတုတ္ထတန်းကျောင်းသားတစ်ဦး ဖြစ်ပါသည်။ အထက ၆ ဗိုလ်တထောင်တွင် ပညာသင်ကြားနေသူတစ်ဦး ဖြစ်ပါသည်။ ကျွန်တော်တို့စတုတ္ထတန်းတွင် သင်ကြားရသော ဘာသာရပ်များမှာ မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ပထဝီ၊ သမိုင်းနှင့် သိပ္ပံဘာသာရပ်များကို သင်ကြားရပါသည်။ ကျွန်တော်တို့သည် သင်ကြားရသည့်ဘာသာရပ် အားလုံးကို သဘောကျနှစ်သက်ကြပါသည်။

ဘာသာရပ်အားလုံးထဲမှ အနှစ်သက်ဆုံး ဘာသာရပ်ကို ပြောရမည်ဆိုလျှင် သိပ္ပံဘာသာရပ် ဖြစ်ပါသည်။ သိပ္ပံပညာရပ်သည် စိတ်ဝင်စားဖွယ် ကောင်းပါသည်။ လက်တွေ့လုပ်ကိုင်ရသော သင်ခန်းစာများ ပါဝင်ပါသည်။ လက်တွေ့လုပ်ရသော သင်ခန်းစာများကို ကျွန်တော်နှင့် ကျွန်တော့်သူငယ်ချင်းများက ကြိုက်ကြပါသည်။ ပျော်ကြပါသည်။ စိတ်ဝင်စားကြပါသည်။ သိပ္ပံပညာ၏ကြီးကျယ်ပုံ၊ အရေးပါပုံတို့ကို မသိရသေးခင်ကပင် လက်တွေ့လုပ်ရသော သင်ခန်းစာ

mgyoe.com

mgyoe.com


များကြောင့်ပင် သိပ္ပံပညာရပ်ကို စိတ်ဝင်စားနေမိပါတော့သည်။

သိပ္ပံပညာရပ်သည် ကမ္ဘာကြီးကို ကောင်းကျိုးပြုစေသည်ဟု ဆရာမက သင်ကြားပေးပါသည်။ သိပ္ပံပညာရပ် ထွန်းကားလာသော ကြောင့် ကျွန်တော်တို့ နေထိုင်ရာကမ္ဘာကြီး ပြောင်းလဲတိုးတက်လာ သည်ဟု သချာဆရာကလည်း ပြောပါသည်။ သိပ္ပံဘာသာရပ်သင် သော ဆရာမကလည်း သိပ္ပံပညာကြောင့် တိုးတက်ပြောင်းလဲလာ သော ကျွန်တော်တို့ နေထိုင်ရာ ကမ္ဘာကြီးအကြောင်း ရှင်းပြပါသည်။

သိပ္ပံပညာရပ်သည် လူသားအားလုံးအတွက် အကျိုးများစွာ ဖြစ်ထွန်းကြောင်း ကျောင်းအုပ်ဆရာကြီးကလည်း ပြောလေ့ရှိပါ သည်။ ကျွန်တော် ပျော်ပါသည်။ ကျွန်တော်နှစ်သက်သော၊ သဘော ကျသော သိပ္ပံဘာသာရပ်သည် အကျိုးပြုသော ဘာသာရပ်တစ်ခု ဖြစ်နေပါသည်။ ကျွန်တော့်ဘိုးဘိုးကလည်း ပြောပြဖူးပါသည်။ သူတို့ ငယ်ငယ်က သူတို့နေသောရွာတွင် လျှပ်စစ်မီးမရှိကြောင်း ပြောပြ သည်။ ဆီးမီးခွက် ထွန်းရသည်။ ရေနံဆီမီးခွက် ထွန်းရသည်။ ဖယောင်းတိုင်ထွန်းရသည်ဟု ဆိုပါသည်။

ခုကျွန်တော်တို့အိမ်တွင် လျှပ်စစ်မီးရှိပါသည်။ ထို့ကြောင့် ခလုတ်တစ်ချက်နှိပ်လိုက်သည်နှင့် မီးလင်းသွားကာ တစ်အိမ်လုံး အလင်းရောင် ရရှိပါသည်။ ခလုတ်နှိပ်လိုက်သည်နှင့် မီးလင်းသွားရ ခြင်းမှာ သိပ္ပံပညာကြောင့်ဟု ဆိုပါသည်။ ကျွန်တော် စိတ်ဝင်စား သောဘာသာရပ်သည် အလွန်စိတ်ဝင်စားဖွယ်ကောင်းကြောင်း သိရ သောအခါ အလွန်ပျော်ရွှင်ကြည်နူးမိပါသည်။

သိပ္ပံပညာကြောင့် မီးလင်းခဲ့သည့်အကြောင်း စိတ်ဝင်စား သော ကျွန်တော်သည် ဖေဖေစာအုပ်စင်မှ စာအုပ်များကို မွှေနှောက် ပါတော့သည်။ ဖေဖေ့စာအုပ်စင်တွင် သောမက်အယ်ဒီဆင်ဆိုသော

mgyoe.com

mgyoe.com


သူ၏အကြောင်းကို ရေးထားသော စာအုပ်တွေ့ပါသည်။ ထိုသူကြီး၏ တီထွင်ကြံဆမှုများကြောင့် တစ်ကမ္ဘာလုံးမီးလင်းကာ လျှပ်စစ်မီးကို အသုံးပြုတတ်ခဲ့ကြောင်း ဖတ်ခဲ့ရပါသည်။ သောမက်အယ်ဒီဆင် ကြောင့် ညအခါ မှောင်နေသော ကမ္ဘာကြီးမှာ လင်းထိန်ခဲ့ရပါသည်။ ဤသည်ကပင် သိပ္ပံပညာသည် ကမ္ဘာကြီးကို မှောင်ရာမှ လင်းရာသို့ ပြောင်းလဲပစ်နိုင်သည်ကို တွေ့ရပါသည်။

သိပ္ပံပညာရပ်ကြောင့်ပင် ကျွန်တော်တို့သည် တယ်လီဖုန်းသုံး ကာ တစ်ယောက်နှင့်တစ်ယောက် မမြင်ရဘဲ ဝေးကွာစေကာမူ စကားပြောကာ ဆက်သွယ်နိုင်နေပါပြီ။ ဤသို့သော စကားပြောနိုင် ခွင့် တယ်လီဖုန်းကိုလည်း သိပ္ပံပညာရှင် အလက်ဇန္ဒားက တီထွင်ခဲ့ ကြောင်း သိရပါသည်။ ကောင်းကင်တွင် ပျံသန်းနေသော ငှက်ကလေး များကဲ့သို့ ကျွန်တော်တို့ ပျံသန်းခွင့်ရအောင် စွမ်းဆောင်ပေးခဲ့သည် မှာလည်း သိပ္ပံပညာရှင်ပင် ဖြစ်ပါသည်။ ရိုက်ညီနောင်၏တီထွင်နိုင် စွမ်းကြောင့် ယခုအခါ လေယာဉ်ပျံများဖြင့် ကမ္ဘာ့နေရာအသီးသီးသို့ အချိန်တိုတိုနှင့်ရောက်အောင် သွားနိုင်လာနိုင်နေပါပြီ။

သိပ္ပံဘာသာရပ်သည် လူသားတို့အတွက် များစွာအကျိုးပြုစေ သောဘာသာရပ်တစ်ခု ဖြစ်ပါသည်။ ယနေ့ ကျွန်တော်တို့အသုံး အဆောင်များဖြစ်သော မော်တော်ကား၊ မီးရထား၊ လေယာဉ်ပျံ၊ သင်္ဘော၊ ရေငုပ်သင်္ဘော၊ ဂြိုဟ်တု၊ ဒုံးပျံစသည်တို့သည် သိပ္ပံပညာ ကြောင့်ရရှိကာ ခံစားနေရသောအရာများ ဖြစ်ပါသည်။ ရှေးက အမြော်အမြင်ရှိသော သိပ္ပံပညာရှင်တို့သည် လူသားတို့၏ နောင်လာ နောက်သားများ ကောင်းစားစေရန်အတွက် အကျိုးရှိသောအရာများ ကို တီထွင်ကြံဆ နည်းလမ်းပြခဲ့ကြပါသည်။ ထိုသိပ္ပံပညာရှင်တို့၏ ကျေးဇူးကြောင့် ကျွန်တော်တို့ ယနေ့ခေတ်တွင် သက်သက်သာသာ

mgyoe.com

mgyoe.com

နေထိုင်နေနိုင်ရခြင်း ဖြစ်ပါသည်။ ထို့ကြောင့် သိပ္ပံဟူသော ဘာသာရပ်၏တန်ဖိုးရှိပုံနှင့် သိပ္ပံပညာကြောင့် လူသားတို့ သက်သက်သာသာ နေနိုင်ပုံတို့ကို ကျွန်တော် အလွန်အားကျပါသည်။ သိပ္ပံပညာရှင်တစ်ယောက်လည်း ဖြစ်ချင်လွန်းလှပါသည်။

မိမိတို့ လူသားများသည်သာ ကမ္ဘာလောကကို အုပ်စိုးနိုင်သူများ ဖြစ်ပါသည်။ ထိုသို့ကမ္ဘာလောကကြီးကို အုပ်စိုးနိုင်သူများဖြစ်အောင် ပံ့ပိုးပေးသော သိပ္ပံပညာကြောင့်သာ ကျွန်တော်တို့ ယခုကဲ့သို့ အေးအေးဆေးဆေးနေနိုင်ခြင်း ဖြစ်ပါသည်။ ထို့ကြောင့် ကျွန်တော်သည် သိပ္ပံပညာရှင်များကို အလွန်လေးစားအားကျမိပါသည်။ နောင်တစ်ချိန်တွင်လည်း သိပ္ပံပညာရှင်တစ်ဦး ဖြစ်ချင်ပါသည်။ သိပ္ပံပညာရှင်တစ်ဦး ဖြစ်အောင်လည်း ကြိုးစားပါမည်။

သိပ္ပံနည်းကျသော ဖန်တီးမှုတစ်ခုခုကို လုပ်ကိုင်လိုသော ကျွန်တော့်အတွက် အနှစ်သက်ဆုံးဘာသာရပ်မှာ သိပ္ပံဘာသာရပ်ဖြစ်နေခြင်းသည် မထူးဆန်းဟု ထင်မိပါတော့သည်။

❒

mgyoe.com

mgyoe.com

## အနှစ်သက်ဆုံး စာအုပ်တစ်အုပ်

ကျွန်တော်တို့သည် တစ်ယောက်နှင့်တစ်ယောက် နှစ်သက်ရာများ မတူကြပါ။ မတူနိုင်ပါ။ အစားအသောက်ကစကာ အနေအထိုင်၊ အဝတ်အစား၊ ဝါသနာစသည်ဖြင့် အမျိုးမျိုးသောအရာများကို နှစ်သက်ပုံ နှစ်သက်နည်းများ မတူကြပါ။ အစားအသောက်ပင်လျှင် တချို့က မြန်မာအစားအစာ၊ တချို့က အင်္ဂလိပ်အစားအစာ၊ အချို့က အိန္ဒိယ အစားအစာစသည်ဖြင့် အကြိုက်မတူဘဲ ကွဲပြားကြပါသည်။

ကျွန်တော်ကတော့ အစားလည်းကြိုက်သူတစ်ဦးဖြစ်သကဲ့သို့ ရုပ်ရှင်ကြည့်ခြင်း၊စာဖတ်ခြင်းကိုလည်း ကြိုက်နှစ်သက်သူဖြစ်ပါသည်။ အစားကိုတော့ ဘာအစားအစာဖြစ်ဖြစ် စားပြစ်လိုက်သူ၊ ကြိုက်ပြစ်လိုက်သူတစ်ဦး ဖြစ်ပါသည်။ ရုပ်ရှင်ကိုတော့ ဖိုက်တင်ကားများ၊ စွန့်စားခန်းပါသောကားများကို ကြိုက်ပါသည်။ စာအုပ်ကိုတော့ စုံထောက်ဝတ္ထုများကို နှစ်သက်သူတစ်ဦး ဖြစ်ပါသည်။

ထိုသို့အသတ်အပုတ်နှင့် စွန့်စားမှုများကို ကြိုက်နှစ်သက်သော ကျွန်တော့်အဖို့ အရသာမတူသောစာအုပ်တစ်အုပ်ကို ဖေဖေ့ထံမှ

mgyoe.com